လဲလူကျေးရွာ

မြို့သစ်မြို့နယ်

# ကျေးရွာဖွံ့ဖြိုးရေးစီမံချက်

ပြုစုရေးဆွဲသူ

ကျေးရွာဖွံ့ဖြိုးရေးကော်မတီ

လဲလူကျေးရွာ၊ မြို့သစ်မြို့နယ်

(စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန၊

ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ကူညီရေးဆွဲသည်)

၂၀၁၈ ခုနှစ်၊ အောက်တိုဘာလ

# မာတိကာ


မာတိကာ

၁။ စကာချီး ၃-၄

၂။ လဲလူကျေးရွာသယံဇာတပြမြေပုံ ၅-၅

၃။ တည်နေရာနှင့် ပထဝီအနေအထား ၆-၆

၄။ ရာသီဥတုနှင့် သဘာဝအရင်းအမြစ် ၆ – ၆

၅။ ကျေးရွာရှိ ကဏ္ဍအသီးသီး၏ လက်ရှိဖွံ့ဖြိုးမှုအခြေအနေ

(က)ဖွံ့ဖြိုးရေးဆိုင်ရာစီမံခန့်ခွဲမှု အခြေအနေ ၇-၇

(ခ)စီးပွားရေးနှင့်အသက်မွေးမှု အခြေအနေ ၇-၇

(ဂ)အခြေခံအဆောက်အဦနှင့် ဝန်ဆောင်မှုများ ၇-၈

(ဃ)ဘဏ်နှင့်ငွေကြေးဝန်ဆောင်မှု ၈-၈

(င)ပညာရေး ၈-၈

(စ)ကျန်းမာရေး ၈-၈

(ဆ)ဘေးအန္တရာယ်နှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး ၉-၉

(ဇ)ကျား-မ ရေးရာ ၉-၉

၆။ ဦးစားပေးဆောင်ရွက်မည့်ဖွံ့ဖြိုးရေးလုပ်ငန်းများ

နောက်ဆက်တွဲများ

နောက်ဆက်တွဲ (၁) – ဖွံ့ဖြိုးရေးဗျူဟာ ဇယား ၁၀-၁၆

နောက်ဆက်တွဲ (၂) – ကျေးရွာဖွံ့ဖြိုးရေး အထောက်အကူပြု ဇယားများ ၁၇-၃၁

**၁။စကားချီး**

ဤကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းသည် ၂၀၁၈/၂၀၁၉ ဘဏ္ဍာရေးနှစ်မှ ၂၀၂၂/၂၀၂၃ ဘဏ္ဍာရေးနှစ်အထိ ငါးနှစ်ကြာ အကောင်အထည်ဖော်ဆောင်ရွက်မည့် ကျွန်ုပ်တို့ လဲလူကျေးရွာ၏ ကျေးရွာသူ/သားများ ပါဝင်ရေးဆွဲထားသည့် ပထမဦးဆုံးသော ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်း ဖြစ်ပါသည်။ ကနဦးအနေဖြင့် စီမံကိန်းဖြစ်မြောက်ရေးအတွက် လိုအပ်သော နည်းပညာများ ပံ့ပိုးပေးသည့် စိုက်ပျိုးရေး၊မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက် ရေးဦးစီးဌာနအား အထူးပင် ကျေးဇူးတင်ရှိပါသည်။ အရေးကြီးသော အချက်အလက်များနှင့် အကြံ ဉာဏ်များကို တက်တက်ကြွကြွ ပံ့ပိုးပေးသော ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးနှင့် မြို့သစ်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ သက်ဆိုင်ရာ ဝန်ထမ်းများကိုလည်း ကျေးဇူးတင်ရှိပါသည်။

ကျွန်ုပ်တို့ကျေးရွာတွင် ကျွန်ုပ်တို့ကိုယ်တိုင် ရပ်ရွာတိုးတက်ရေးလုပ်ငန်းများကို ယခင်ကာလများက စီစဉ်ချမှတ် ဆောင်ရွက်ခဲ့ကြသော်လည်း လူထုအများဖြင့် စနစ်တကျ ပူးပေါင်းပါဝင် ဆောင်ရွက်သည့် နည်းလမ်းများနှင့် လုပ်ထုံးလုပ်နည်းများကို မသိခဲ့ကြပါ။ လူထုကိုယ်တိုင် စနစ်တကျ ပူးပေါင်းဆောင်ရွက်နည်းကို အသုံးပြု၍ ကျွန်ုပ်တို့အချင်းချင်း တိုင်ပင်ဆွေးနွေးညှိနှိုင်း အဖြေရှာကြရာတွင် ကူညီပံ့ပိုးပေးသည့် အစီအစဉ်ရေးဆွဲရေး ကျွမ်းကျင်သူအဖွဲ့တစ်ဖွဲ့ကို ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ စီစဉ်ဆောင်ရွက်ပေးခဲ့ပါသည်။ ဤလုပ်ငန်းစဉ်ကြောင့် ကျွန်ုပ်တို့ သည် ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ် ရေးဆွဲရာတွင် ကိန်းဂဏန်းနှင့် သတင်းအချက်အလက်တို့၏ အရေးပါမှုကို သိရှိရုံသာမက ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးရုံး ကဲ့သို့သော ကိန်းဂဏန်း အချက် အလက် ရရှိနိုင်သော နေရာများမှလည်းကောက်ယူရရှိခဲ့ပါသည်။ထို့ပြင်ထပ်မံလိုအပ်သောကိန်းဂဏန်း၊အချက်အလက်များန င့် နည်းပညာပံ့ပိုးမှုတို့ကို မြို့နယ်အဆင့် ဌာနဆိုင်ရာများမှရယူပြီး ကျေးရွာဖွံ့ဖြိုးရေး လုပ်ငန်းစဉ်များအတွက် သက်ဆိုင်ရာ မြို့နယ်ဦးစီးဌာနများနှင့် အတူတကွ ချိတ်ဆက်လုပ်ဆောင်ရန် လိုအပ်ကြောင်းကိုလည်း ကောင်းစွာနားလည် သိရှိခဲ့ပါသည်။

ယခု ရေးဆွဲထားသော အစီအစဉ်သည် လက်ရှိကာလအတွင်း ရရှိသည့် အချက်အလက်များကိုသာ အားပြုထားသော်လည်း နောင်ကာလများတွင် ထပ်မံရရှိသည့် ကိန်းဂဏန်း အချက်အလက်များ ထပ်ဖြည့်ပေးခြင်းဖြင့် ပိုမိုကောင်းမွန်လာမည်မှာ သေချာပါသည်။ ဤစီမံကိန်းတွင်ပါဝင်သော လုပ်ငန်းများသည် ဆက်လက် လုပ်ဆောင်သွားရမည့် လုပ်ငန်းစဉ်များဖြစ်ပြီး လုပ်ငန်းဆောင်ရွက် နေမှု တစ်ဝက်ခန့်အရောက်တွင် လုပ်ငန်းတိုးတက်ပြီးစီးမှု၊ ပေါ်ပေါက်လာမည့် အခက်အခဲများ၊ ဦးစားပေး ရွေးချယ်မှုများနှင့် လုပ်ငန်းအစီအစဉ်များကို အခြေအနေကာလအပေါ် မူတည်၍ ပြုပြင် ပြောင်းလဲမှုများ ဆက်လက် လုပ်ဆောင်သွားရန်လည်း လိုအပ်နေပါမည်။

ဤကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်တွင် ဖော်ပြပါရှိသော ဦးစားပေးလုပ်ငန်းများ စုစည်းဆောင်ရွက်နိုင်ရန်အတွက် ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူး၊ မြို့သစ်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၊ မြို့သစ်မြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ မြို့နယ်အဆင့် အစိုးရဌာနများ၏ အကြံပြုချက်များ၊ ဆက်လက်ပံ့ပိုးမှုများ ရရှိနိုင်မည်ဟု ကျွန်ုပ်တို့ မျှော်လင့်ပါသည်။ ဆက်လက်၍ နောင်တွင်လည်း ကျွန်ုပ်တို့ကျေးရွာ၏ ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ အားထုတ်မှု အခြေအနေ များကို ဆန်းစစ်သုံးသပ်ရန်နှင့် အကဲဖြတ်ရန်အတွက် ပံ့ပိုးကူညီမှုများ ရရှိနိုင်မည် ဖြစ်ပါကြောင်း ယုံကြည်ပါသည်။

အောက်တိုဘာလ၊ ၂၀၁၈ ခုနှစ်။

ကျေးရွာဖွံ့ဖြိုးရေးကော်မတီ
လဲလူကျေးရွာ
မြို့သစ်မြို့နယ်

## ၂။ လဲလူကျေးရွာ သယံဇာတပြမြေပုံ



- လဲလူကျေးရွာ၊ လဲလူကျေးရွာအုပ်စု၊ မြို့သစ်မြို့နယ်တွင် ပြုလုပ်သောကျေးရွာဖွံ့ဖြိုးရေးစီမံချက်ရေးဆွဲခြင်း အစီအစဉ်တွင် လဲလူကျေးရွာမှ ကျေးရွာသူ၊ ကျေးရွာသားများကိုယ်တိုင် ပူးပေါင်း အကဲဖြတ်ခြင်းမှ ရယူပါသည်။

## ၃။ လဲလူကျေးရွာ၏ တည်နေရာနှင့် ပထဝီအနေအထား

မြန်မာနိုင်ငံ၏ ပထဝီဝင်အနေအထားအရ မြို့သစ်မြို့နယ်သည် မကွေးတိုင်းဒေသကြီးတွင် တည်ရှိပါသည်။ မြို့သစ်မြို့နယ်သည် မြန်မာနိုင်၏ အလယ်ပိုင်းတွင် တည်ရှိ၍ မကွေးတိုင်းဒေသကြီး၊ မကွေးခရိုင်တွင် တည်ရှိပါသည်။ မြို့သစ်မြို့နယ်သည် မြောက်လတ္တီတွဒ် ၂ဝဒီဂရီ နှင့် ၂၂ ဒီဂရီ အကြား ၊ အရှေလောင်ဂျီတွဒ် ၉၄ဒီဂရီ နှင့် ၉၆ဒီဂရီအကြားတွင် တည်ရှိပြီး အကျယ်အဝန်းမှာ ( ၆၁၂.ဝ၉ ) စတုရန်းမိုင် ကျယ်ဝန်းပါသည်။

မြို့သစ်မြို့နယ်၏ အရှေဘက်တွင် မန္တလေးတိုင်းဒေသကြီး၊ ရမည်းသင်းမြို့နယ် ၊ တောင်ဘက်တွင် တောင်တွင်းကြီးမြို့နယ်၊ အနောက်ဘက်တွင် မကွေးမြို့နယ်နှင့် မြောက်ဘက်တွင် နတ်မောက်မြို့နယ်တို့နှင့် နယ်နိမိတ် ထိစပ်လျှက်ရှိပါသည်။

လဲလူကျေးရွာသည် ပထဝီဝင်အနေအထားအရ မြေပြန့်အနေအထားတွင်တည်ရှိပါသည်။ လဲလူကျေးရွာသည် မြို့သစ်မြို့နယ်၏ အနောက်ဘက် (၅)မိုင်ခန့် အကွာတွင်တည်ရှိပါသည်။ နေပြည်တော်– ကံပြား လမ်းမကြီး၏ ဘေးတွင်တည်ရှိပါသည်။ လဲလူကျေးရွာအုပ်စု၏ အရှေ့ဘက်တွင် တပ်ကုန်းကျေးရွာအုပ်စု၊ တောင်ဘက်တွင် ထောက်ရှာတန်းအုပ်စု၊ အနောက်ဘက်တွင် ရေပြည့်အုပ်စုနှင့် မြောက်ဘက်တွင် မကြီးထူးအုပ်စုတို့ တည်ရှိပါသည်။ လဲလူကျေးရွာမှ မြောက်ဘက်သို့ ကျေးရွာချင်းဆက် ဖွံ့ဖြိုးရေးလမ်းအား နိုင်ငံတော်မှ ကျောက်ချောလမ်းအဖြစ် အဆင့်မြှင့်တင်ပေးရန် စီမံချက်ချထားပြီးဖြစ်ပါသည်။ ၎င်းလမ်းသည် လဲလူကျေးရွာမှ ကြို့ပင်သာကျေးရွာ၊ သံဘိုကျေးရွာ၊ ကြိုးကြာအင်းကျေးရွာနှင့် ကိုင်းကျေးရွာတို့ထိ သွားလာနိုင်သောလမ်းဖြစ်ပါသည်။

မြို့သစ်မြို့နယ်သည် အုပ်စုပေါင်း(၅၂) အုပ်စု၊ ကျေးရွာပေါင်း (၁၇၉)ရွာ တည်ရှိရာ လဲလူကျေးရွာအုပ်စုတွင် ကျေးရွာ(၄)ဖြင့် ဖွဲ့စည်းထားပါသည်။ ၎င်းကျေးရွာများမှာ လဲလူကျေးရွာ၊ ကြို့ပင်သာကျေးရွာ၊ တမာပင်ကျေးရွာနှင့် ငကျောင့်ကုန်းကျေးရွာတို့ ရှိပါသည်။

လဲလူကျေးရွာသည် နတ်မောက်မြို့နယ်တွင်တည်ရှိသော ယင်းချောင်းဆည်မှ ဆည်ရေကို လဲဝဲမြောင်းမှ ခွဲထွက်သော DY 3 နှင့် DY4တို့မှ ရယူ သောက်သုံး စိုက်ပျိုးကြရပါသည်။

## ၄။ ရာသီဥတုနှင့်သဘာဝအရင်းအမြစ်များ

လဲလူကျေးရွာတွင် နှစ်စဉ်မိုးရေချိန်(၃၄)လက်မခန့်ရှိပြီး သဘာဝပေါက်ပင်များမှာ မန်ကျည်း၊ တမာ၊ ဇီးဖြူ၊ ကုက္ကို၊ ကျွန်း၊ ထနောင်းပင်၊ ထန်းပင်များ ပေါက်လေ့ရှိပါသည်။လဲလူကျေးရွာတွင် လယ်မြေကေမှာ (၁ဝဝဝ)ကေခန့်နှင့် ယာမြေကေမှာ (၁ဝဝဝ)ခန့် ရှိပါသည်။ လယ်မြေများတွင် မိုးစပါး၊ နွေစပါးနှင့် နှမ်းသီးနှံများ စိုက်ပျိုးပါသည်။ ယာမြေများတွင် မြေပဲ၊ နှမ်း၊ ပဲစဉ်ငုံနှင့် ပဲတီစိမ်းများအား

စိုက်ပျိုးကြပါသည်။ မိုးကောင်းသောက်လယ်များတွင် မြေအောက်ရေကို ၃" ပိုက်တွင်းများတူးဖော်၍ စိုက်ပျိုးရပါသည်။

## ၅။ ကျေးရွာရှိ ကဏ္ဍအသီးသီး၏ လက်ရှိဖွံ့ဖြိုးမှုအခြေအနေ

### (က) ဖွံ့ဖြိုးရေးဆိုင်ရာစီမံခန့်ခွဲမှု အခြေအနေ

လဲလူကျေးရွာတွင် ကျေးရွာဖွံ့ဖြိုးရေးအတွက် အဖွဲ့အစည်း(၇)ဖွဲ့ ဖွဲ့စည်းထားရှိ ပါသည်။ ၎င်းအဖွဲ့များမှာ (၁) ပညာရေးအထောက်အကူပြုအဖွဲ့၊ (၂)ကျန်းမာရေးအထောက်အကူပြုအဖွဲ့၊ (၃)ကျေးရွာမီးလင်းရေးကော်မတီအဖွဲ့၊ (၄)အရန်မီးသတ်တပ်ဖွဲ့၊ (၅)ဘာသာရေး၊သာသနာရေးဖွံ့ဖြိုးရေး အထောက်အကူပြုအဖွဲ့၊ (၆)အလင်းရောင်ပရဟိတ မောင်မယ်အဖွဲ့နှင့် (၇)ကျေးရွာလူထုကိုယ်တိုင်ရွေးချယ်ဖွဲ့စည်းထားသော ကျေးရွာဖွံ့ဖြိုးရေးကော်မတီအဖွဲ့တို့ဖြစ်ပါသည်။အရန်မီးသတ်အဖွဲ့သည် ဖွဲ့စည်းထားသော်လည်း စနစ်တကျသင်ယူလေ့ကျင့်ထားမှု မရှိသဖြင့် အဖွဲ့၏ စွမ်းဆောင်မှုအားနည်းနေပါသည်။ ကျန်အဖွဲ့အစည်းများမှာ ကော်မတီ၏လုပ်ငန်းများအား ကဏ္ဍအလိုက် စည်းလုံးညီညွတ်စွာဆောင်ရွက်ကြပါသည်။

### (ခ) စီးပွားရေးနှင့်အသက်မွေးမှု အခြေအနေ

လဲလူကျေးရွာ၏ အဓိကဝင်ငွေရလုပ်ငန်းမှာ စိုက်ပျိုးရေးလုပ်ငန်းဖြစ်ပါသည်။ လယ်မြေများတွင် မိုးစပါးနှင့် နွေစပါး နှစ်သီးစားစိုက်ပျိုးကြပါသည်။ စိုက်ပျိုးရေးအတွက် ရေအားယင်းချောင်းဆည်မှ ရယူသုံးစွဲပါသည်။ စပါးတစ်ကေလျှင် ပျမ်းမျှ တင်း(၅၀)ထွက်ရှိပါသည်။

ယာမြေများတွင် မြေပဲ၊ နှမ်း၊ ပဲတီးစိမ်းနှင့် ပဲစဉ်းငုံတို့ စိုက်ပျိုးကြပါသည်။ ရာသီဥတုကောင်းလျှင် တစ်ကေနှမ်း (၁၀)တင်းခန့်ထွက်ရှိပါသည်။ မြေပဲမှာ တစ်ကေအထွက်နှုန်း တင်း(၂၀)မှ တင်း(၃၀)ထိ ထွက်ရှိပါသည်။

လဲလူကျေးရွာတွင် မွေးမြူရေးအနေဖြင့် စိုက်ပျိုးရေးလုပ်ငန်းအတွက်တွင်ပါ အသုံးဝင်သော နွားများကို အဓိကမွေးမြူကြပါသည်။ အခြားမွေးမြူရေးလုပ်ငန်းများအနေဖြင့် ကြက်နှင့်ဝက်များအား မွေးမြူကြပါသည်။ မွေးမြူထားသော ကြက်နှင့်ဝက်များ ရောဂါများမကျရောက်စေရန် နှင့် ကျန်းမာရေးကိစ္စများ ဖြစ်ပေါ်ခဲ့လျှင် မြို့နယ်တိမွေးကုဌာနနှင့် ဆက်သွယ်၍ ဆောင်ရွက်ပါသည်။

### (ဂ)အခြေခံအဆောက်အဦနှင့် ဝန်ဆောင်မှုများ

လဲလူကျေးရွာတွင် သောက်သုံးရေကို လက်နှိပ်တုံပင်တွင်းများတူး၍ အသုံးပြုကြပါသည်။ လဲလူကျေးရွာသည် လူဦးရေ (၂၅၀၀)ခန့်ရှိပြီး အိမ်ခြေ (၅၀၁)ရှိပါသည်။ လဲလူကျေးရွာတွင် တောင်၊

မြောက်လမ်းမနှင့် ချဉ်းကပ်လမ်းသွယ် (၂၀)ခန့် ရှိပါသည်။ ၎င်းလမ်းများမှ ကျန်းမာရေး၊ ပညာရေး၊ သီးနှံများ သယ်ယူရောင်းချရာဝင် အသုံးပြုသောကြောင့် မြေသားလမ်းမှ ကျောက်ချောလမ်းသို့ အဆင့်မြှင့်တင်ရန် လိုအပ်လျှက်ရှိပါသည်။ လဲလူကျေးရွာတွင် ဘုန်းတော်ကြီးကျောင်း(၂)ကျောင်းမှာ ဘုရား၊ စေတီ၊သိမ်တန်ဆောင်းတို့ဖြင့် ကြည်ညိုဖွယ်ကောင်းကောင်းသော်လည်း မြေသားလမ်းများဖြစ်နေသောကြောင့် သက်ကြီးရွယ်အို ဘိုးဖွားမိဘများ သွားလာရာတွင် အဆင်မပြေဖြစ်ရပါသည်။ လဲလူကျေးရွာတွင် မိုးတွင်းကာလ၌ ကျေးရွာပတ်လမ်းတွင် အိမ်ခြေ (၁၀၀)ခန့်သည် ရေကြီးနှစ်မြုပ်၍ သွားလာ၍ မရပါ။ ထိုလမ်းအရှည်မှာ ပေ(၁၈၀၀)ခန့် ရှိသောမြေသားလမ်းအား ကျောက်ချောလမ်း အဆင့်မြှင့်တင်ခြင်း၊ ရေမြောင်းတူးဖော်ခြင်းများ ဆောင်ရွက်ရန် ငွေကြေးအင်အား မနိုင်ပါသဖြင့် ဆောင်ရွက်ရန် အဆင်မပြေဖြစ်ရပါသည်။ လဲလူကျေးရွာတွင် ကျန်းမာရေးဌာနခွဲတစ်ခုရှိပြီး ကျန်းမာရေးစောင့်ရှောက်မှုများရရှိပါသည်။ လဲလူကျေးရွာတွင် အလယ်တန်းကျောင်းရှိပါသည်။ ကျောင်းသို့သွားသောလမ်းမှာ ပေ(၇၀၀)ခန့်ရှိပြီး မြေသားလမ်းဖြစ်သောကြောင့် မိုးတွင်းကာလတွင် အဆင်မပြေ ဖြစ်ရပါသည်။

လဲလူကျေးရွာတွင် တိုင်းဒေသကြီး အစိုးရစီမံချက်ဖြင့် လျှပ်စစ်မီးလင်းရေးအတွက် ဓါတ်တိုင်များစိုက်ထူခြင်း၊ မီးကြိုးများသွယ်တန်းခြင်းနှင့် Transformer (၂)လုံး တပ်ဆင်ခြင်းတို့အား ဆောင်ရွက်လျှက်ရှိပါသည်။ ချဉ်းကပ်လမ်းသွယ်များတွင် မီးတိုင်နှင့် မီးကြိုးသွယ်တန်းခြင်းများအား ကိုယ်ထူကိုယ်ထဖြင့် ကျေးရွာမီးလင်းရေးကော်မတီမှ ဦးဆောင်၍ ဆောင်ရွက်လျှက်ရှိပါသည်။ ယခုအခါတွင် ဆိုလာမီးကိုသာ အသုံးပြုလျှက်ရှိပါသည်။

**(ဃ) ဘဏ်နှင့်ငွေကြေးဝန်ဆောင်မှု**

လဲလူကျေးရွာတွင် မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်မှ စပါးတစ်ဧက ကျပ်(၁၅၀၀၀၀)နှင့် ပဲ၊နှမ်းတစ်ဧကအတွက် ကျပ် (၅၀၀၀၀)နှုန်းဖြင့် တောင်သူဦးရေ(၂၉၃)ဦးမှ ချေးငွေကျပ်သိန်း(၂၁၃၈) အား ထုတ်ချေထားပါသည်။ မြို့နယ် သမဝါယမဦးစီးမှလည်း အသင်းသားတစ်ဦးလျှင် ကျပ်(၁၀၀၀၀၀၀)နှုန်းဖြင့် ဦးရေ(၄၇)ဦးမှ ချေးငွေ (၁၃၃)သိန်း ကျော်ချေးယူထားပါသည်။ ထို့အပြင် Goood Brother ကုမ္ပဏီမှလည်း တစ်ဧက ကျပ်(၁၅၀၀၀၀)နှုန်းဖြင့်ချေးယူ သုံးစွဲကြပါသည်။ တောင်သူလယ်သမားများသည် ရာသီဥတုဖောက်ပြန်၍ သီးနှံပျက်စီးမှုများခြင်းနှင့် သီးနှံများ ဈေးကောင်းမရရှိခြင်းတို့ကြောင့် စီးပွားရေးအဆင်မပြေဖြစ်ရပါသည်။

**(င) ပညာရေး**

လဲလူကျေးရွာတွင် အစိုးရအလယ်တန်းကျောင်းရှိပြီး ကျောင်းသားဦးရေ (၄၅၅)ဦးနှင့် ဆရာ/ဆရာမ အင်အား (၁၄)ဦး ရှိပါသည်။ ပညာသင်ကြားရန် ကျောင်းဆောင်(၂)ဆောင်သာရှိပြီး ကျောင်းဆောင်တစ်ဆောင်မှာ အကာများမရှိသဖြင့် ကျောင်းသား/သူများ ပညာသင်ကြားရာတွင်

အဆင်မပြေဖြစ်ရသည်။ တွဲဖက်အထက်တန်းကျောင်းခွဲ ဖွင့်လှစ်မည်ဆိုပါက နှစ်ထပ်ကျောင်းဆောင် ဆောက်လုပ်ရန် မြေနေရာရှိပြီးဖြစ်ပါသည်။ ယင်လုံအိမ်သာ သုံးစွဲမှုမှာလည်း ယင်လုံအိမ်သာ (၃)လုံးသာရှိပြီး ကျောင်းသား/သူများအတွက် (၂)လုံးသာရှိသောကြောင့် လုံလောက်မှုမရှိပါသည်။

**(စ)ကျန်းမာရေး**

လဲလူကျေးရွာတွင် ကျန်းမာရေးဌာနရှိသည်။ မကြီးထူးကျေးရွာ၊ ပေကံကြီးကျေးရွာ၊ ဇင်းဖျိုးကျေးရွာ၊ ထောက်ရာတန်းကျေးရွာတွင်ရှိသော ကျန်းမာရေးဌာနခွဲလေးများမှ လိုအပ်သော ဆေးဝါးများထုတ်ပေးခြင်း၊ ကျန်းမာရေးဌာနမှ ညွှန်ကြားချက် အစည်းအဝေးပွဲပြုလုပ်ခြင်းများအား လဲလူကျန်းမာရေးဌာနသို့ လာရောက်ဆောင်ရွက်ရပါသည်။ လဲလူကျေးရွာသည် အုပ်စုကျေးရွာဖြစ်ပြီး ကျေးရွာ (၁၈)ရွာမှ မှီခိုနေရသောကြောင့် တိုက်နယ်ဆေးရုံအဆင့်သို့ တိုးမြင့်ပေးရန်နှင့် တိုက်နယ် ဆေးရုံတည်ဆောက်ပေးရန် လိုအပ်ပါသည်။

**(ဆ) ဘေးအန္တရာယ်နှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး**

လဲလူ**ကျေးရွာမှယာမြေများသည်နှစ်စဉ်သီးထပ်စိုက်ပျိုးခြင်း၊ဓါတုဗေဒကွန်ပေါင်းမြေသြဇာများအသုံးပြုခြင်း၊သဘာဝသစ်ဆွေးမြေသြဇာများနှစ်စဉ်မထည့်သွင်းနိုင်ခြင်းတို့ကြောင့်မြေဆီလွှာပျက်ယွင်းမှုများနှင့်ကြုံတွေ့နေရသည်။ မြေပဲ၊ နှမ်း၊ ပဲတီစိမ်း၊ ပဲစဉ်းငုံး စိုက်ခင်းများတွင်ပိုးသတ်ဆေးများ အသုံးပြုရသောကြောင့်သဘာဝပါတ်ဝန်းကျင်နှင့် ကျန်းမာရေးကိုထိခိုက်မှုရှိပါသည်။ ပိုးသတ်ဆေးများအသုံးပြုရာတွင် ဓါတ်ကြွင်းအန္တရာယ်လျော့ပါးရေးအတွက်၊ ဘေးကင်းလုံခြုံမှုရှိရန် လမ်းညွှန်ချက်များကို လိုက်နာဆောင်ရွက်ရန် နည်းပညာများလိုအပ်လျှက်ရှိကြောင်း တွေ့ရှိရပါသည်။**

**(ဇ) ကျား-မ ရေးရာ**

**လဲလူကျေးရွာတွင်**

ကျားမဆိုင်ရာအခွင့်အရေးအနေဖြင့်ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများတွင် အမျိုးသားများက ဦးဆောင်လေ့ရှိသည်။ အမျိုးသမီးများသည် အိမ်တွင်းမှုလုပ်ငန်းများသာ ဆောင်ရွက်သည်။ လယ်ယာလုပ်ငန်းခွင်တွင် အမျိုးသမီးများသည် ပေါင်းနှုတ်ခြင်း၊ အမျိုးသားများသည် လယ်ထွန်ခြင်း စသည့် လုပ်ငန်းများလုပ်ကိုင်ကြသည်။ ဘာသာရေး အထိမ်းအမှတ်ရိုးရာယဉ်ကျေးမှုပွဲတော်များတွင် အမျိုးသမီးများသည်အမျိုးသားနှင့်အတူပူးပေါင်း ဆောင်ရွက်ကြသည်။ လယ်ယာလုပ်ငန်းခွင်တွင် အမျိုးသားများသည် အမျိုးသမီးများထက်လုပ်အားခပိုမိုရရှိ ကြသည်။ ဒေသတွင်းအုပ်ချုပ်ရေးနှင့် စီမံခန့်ခွဲမှုကိစ္စရပ်များတွင် အမျိုးသမီးများ၏အခန်းကဏ္ဍ နည်းပါးနေသေးကြောင်းတွေ့ရသည်။

**၄။ ဦးစားပေးဆောင်ရွက်မည့် ဖွံ့ဖြိုးရေးလုပ်ငန်းများ**

**နောက်ဆက်တွဲ(၁)ဖွံ့ဖြိုးရေးဗျူဟာဇယား**

| စဉ် | ကဏ္ဍ | ဆောင်ရွက်မည့်ဖွံ့ဖြိုးရေးလုပ်ငန်း | ဦးစားပေး အဆင့် |
|---|---|---|---|

| | | | |
|---|---|---|---|
| ၁ | ပညာရေး | စာသင်ကျောင်းဆောင်တည်ဆောက်ပေးခြင်းနှင့် ဆရာ/ ဆရာမများ လုံလောက်စွာ ခန့်ထားပေးခြင်း | ၁ |
| ၂ | လမ်း၊တံတား | မိုးတွင်းကာလတွင် အိမ်ခြေ(၁၀၀)ခန့် ရေနှစ်မြုပ်နေ၍ ရေမြောင်းတူးရန်နှင့် လမ်းအဆင့်မြှင့်တင်ပေးခြင်း | ၂ |
| ၃ | လူငယ်နှင့် ယဉ်ကျေးမှု | စာကြည့်တိုက်တည်ဆောက်ပေးခြင်း | ၃ |
| ၄ | ကျန်းမာရေး | တိုက်နယ်ဆေးရုံတည်ဆောက်ပေးခြင်း | ၄ |
| ၅ | လမ်း၊ တံတား | ရွာလယ်လမ်းကျောက်ချောခင်းခြင်း | ၅ |
| ၆ | စိုက်/မွေးမဟုတ်သော ဝင်ငွေရလုပ်ငန်း | ချေးငွေများရရှိအောင်ဆောင်ရွက်ခြင်း | ၆ |
| ၇ | စိုက်/မွေးမဟုတ်သော ဝင်ငွေရလုပ်ငန်း | အသက်မွေးဝမ်းကျောင်းနည်းပညာ သင်တန်းများ ဖွင့်လှစ်ပေးခြင်း | ၇ |
| ၈ | မွေးမြူရေး | မွေးမြူရေး နည်းပညာ၊ ဆေးဝါးနှင့် မျိုးကောင်းမျိုးသန့် များရရှိအောင် ဆောင်ရွက်ခြင်း | ၈ |
| ၉ | စိုက်/မွေးမဟုတ်သော ဝင်ငွေရလုပ်ငန်း | အလုပ်ရုံငယ်များတည်ဆောက်ပေးခြင်း(ဝါးထရံ၊ ဝါးခမောက်) | ၉ |
| ၁၀ | စိုက်ပျိုးရေး | စိုက်ပျိုးရေးအတွက်မျိုးကောင်းမျိုးသန့်များရရှိအောင် ရွကခြင်း | ၁၀ |
| ၁၁ | စိုက်ပျိုးရေး | စိုက်ပျိုးရေးနည်းပညာနှင့် ပညာပေးဟောပြောပွဲများ ဆောင်ရွက်ခြင်း | ၁၁ |

### မြို့သစ်မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန
### မြို့သစ်မြို့နယ်၊လဲလူကျေးရွာအုပ်စု၊လဲလူကျေးရွာ၏
### ဖွံ့ဖြိုးရေးဗျူဟာတည်ဆောက်မှုအခြေပြဇယား

| စဉ် | လက်ရှိအခြေအနေ၊ အခက်အခဲနှင့် ပြဿနာ | အခက်အခဲပြဿနာများကို ဖြစ်စေသော အကြောင်းအရင်း | ဖွံ့ဖြိုးရေးအတွက် အထောက်အပံ့ဖြစ်မည့် အခြေအနေကောင်းများ | အတားအဆီး၊ အဟန့်အတားများနှင့် စိန်ခေါ်မှုများ | ဖြေရှင်းရန် နည်းလမ်းများ | အကောင်အထည်ဖော်ရန် စီမံချက်များနှင့် လုပ်ငန်းများ |
|---|---|---|---|---|---|---|
| | **စိုက်ပျိုးရေး** | | | | | |
| ၁ | -သီးနှံအထွက်နှုန်း နည်းပါးခြင်း။ | -မျိုးကောင်းမျိုးသန့်များအလွယ် တကူမရခြင်း။ | - မြို့တွင်စိုက်ပျိုးရေးဦးစီးဌာနရှိခြင်း။<br>-စိုက်ပျိုးရေးနည်းပညာပေးဟောပြောပွဲများ/သင်တန်းများ တက်ရောက်နိုင်ခြင်း။ | -နည်းပညာ ဗဟုသုတနည်းပါးခြင်း<br>-ငွေကြေးမတက်နိုင်ခြင်း။ | -နည်းပညာ ဗဟုသုတများရရန်စိုက်ပျိုးရေးဦးစီးဌာနနှင့် ချိတ်ဆက်ဆောင်ရွက်ခြင်း။ | -စိုက်ပျိုးရေး နည်းပညာပေးသင်တန်းများနှင့် ဟောပြောပွဲများရရှိအောင် ဆောင်ရွက်ခြင်း။ |
| ၂ | -သီးနှံများ အရည်အသွေးမပြည်မီခြင်း | -သီးနှံများရောင်ချရာတွင် ဈေးကောင်းမရှိပါ။ | -စိုက်ပျိုးရေးဦးစီးဌာနရှိခြင်း။<br>-လယ်ယာမြေများအများဆုံးလုပ်ကိုင်နေခြင်း။ | -ငွေကြေးမတက်နိုင်ခြင်း။ | -စိုက်ပျိုးရေးဦးစီးဌာနနှင့်ချိတ်ဆက်ဆောင်ရွက်ရန် | -စိုက်ပျိုးရေး အတွက် မျိုးကောင်း မျိုးသန့်များရရှိအောင်ဆောင်ရွက်ခြင်း |
| | **အခြေခံအဆောက်အဦ** | | | | | |
| ၃ | -မြေသားလမ်းသာရှိ၍ လမ်းမကောင်းခြင်း။<br>-မိုးတွင်းကာလ၌ သွားလာရခက်ခဲခြင်း။ | -သီးနှံနှင့် ဈေးကုန်များ အချိန်မှီဝယ်ယူရောင်းချနိုင်မှုမရှိခြင်း<br>-သီးနှံများ အချိန်လွန်၍ ဈေးကောင်းမရရှိခြင်း။ | -ကျေးလက်လမ်းဦးစီးဌာနရှိခြင်း။<br>-ရွာသူ/သားများ ပူးပေါင်းဆောင်နိုင်ခြင်း။ | -ငွေကြေးမတက်နိုင်ခြင်း။ | -ကျေးရွာဆက်ကော်မတီဖွဲ့စည်းပြီး သက်ဆိုင်ရာဦးစီးဌာနနှင့် ချိတ်ဆက် ဆောင်ရွက်ခြင်း။ | -ရွာလယ်လမ်းကျောက်ချောခင်းခြင်း။ |
| ၄ | -မိုးတွင်းကာလတွင် သွားလာ၍မရခြင်း။ | -မိုးတွင်းကာလတွင် ရေနှစ်မြုပ်နေခြင်း။<br>-မြေသားလမ်းနိမ့်နေ၍ | -ကျေးလက်လမ်းဦးစီးဌာနရှိခြင်း။<br>-ရွာသူ/သားများ ပူးပေါင်း | -နည်းပညာအားနည်းခြင်း။<br>- | -ကျေးရွာဆက်ကော်မတီဖွဲ့စည်းပြီး သက်ဆိုင်ရာဦးစီးဌာန | -မိုးတွင်းကာလတွင် အိမ်ခြေ (၁၀၀)ခန့် ရေနှစ်မြုပ်နေ၍ ရေမြောင်းများတူးဖော်ခြင်း၊ |

| စဉ် | လက်ရှိအခြေအနေ၊ အခက်အခဲနှင့် ပြဿနာ | အခက်အခဲပြဿနာများကို ဖြစ်စေသော အကြောင်းအရင်း | ဖွံ့ဖြိုးရေးအတွက် အထောက်အပံ့ဖြစ်မည့် အခြေအနေကောင်းများ | အတားအဆီး၊ အဟန့်အတားများနှင့် စိန်ခေါ်မှုများ | ဖြေရှင်းရန် နည်းလမ်းများ | အကောင်အထည်ဖော်ရန် စီမံချက်များနှင့် လုပ်ငန်းများ |
|---|---|---|---|---|---|---|
| | | ရေများ ဝင်ရောက်နေခြင်း။ | ဆောင်နိုင်ခြင်း။ | ငွေကြေးလုံလောက်မှု မရှိခြင်း။ | နှင့် ချိတ်ဆက် ဆောင်ရွက်ခြင်း။ | လမ်းအားမြေသားမြှင့်တင်ခြင်း နှင့်ကျောက်ချောခင်းခြင်း။ |
| | **ပညာရေး** | | | | | |
| ၅ | -စာသင်ကျောင်းဆောင်နည်း၍ မလုံလောက်ခြင်း။ | -ကျောင်းသား/သူများ ပညာသင်ကြားရာတွင် အဆင်မပြေဖြစ်နေခြင်း။<br>-မိုးတွင်းကာလတွင် ရာသီဥတု ဒါဏ်ခံရခြင်း။ | -ကျေးရွာလူထုမှ လုပ်အားဖြင့် ပါဝင်ဆောင်ရွက်နိုင်ခြင်း။ | -ငွေကြေးမတတ်နိုင်ခြင်း။<br>-ကျောင်းသားဦးရေများနေခြင်း။ | -ပညာရေးဦးစီးဌာနသို့ တင်ပြတောင်းခံခြင်း။ | -စာသင်ကျောင်းဆောင်သစ် တည်ဆောက်ခြင်း။<br>-စာသင်ကျောင်းဆောင် ပြုပြင် တည်ဆောက်ခြင်း။ |
| ၆ | -ကျောင်းသား/သူများ ကျောင်းစာများမလိုက်နိုင်ခြင်း။ | -ဆရာ/ဆရာမ အင်အားနည်းနေခြင်း။ | -ကျောင်းသူ/သား အင်အားများနေခြင်း။ | -ပညာရေးအဆင့် မမီခြင်း။ | -ရပ်မိရပ်ဖများမှ ပညာရေးဌာနနှင့် ချိတ်ဆက်ဆောင်ရွက်ရန် ။ | -ဆရာ/ဆရာမများ ခန့်ထားပေးရန် |
| | **ကျန်းမာရေး** | | | | | |
| ၇ | -ဆေးဝါးနှင့် ကျန်းမာရေး ဆေးခန်းသုံး ပစ္စည်းများနည်းနေခြင်း။ | -ကျေးရွာမှာ အုပ်စုကျေးရွာဖြစ် ခြင်းကြောင့် ကျေးရွာလူထုအင်အားမမျှခြင်း။ | -တိုက်နယ်ဆေးရုံတည်ဆောက်ရန် မြေနေရာရှိခြင်း။<br>-ကျေးရွာလူထုမှ လုပ်အားပါဝင်နိုင်ခြင်း။ | -ငွေကြေးမရှိခြင်း။<br>-မိမိကျေးရွာအပြင် အခြားကျေးရွာများပါ မှီခိုနေရခြင်း။ | -သက်ဆိုင်ရာ ဦးစီးဌာနများနှင့် ချိတ်ဆက်ဆောင်ရွက်သွားရန်။ | -တိုက်နယ်ဆေးရုံအဆင့်မြှင့်တင်၍ ဆေးရုံတည်ဆောက်ပေးခြင်း။ |
| ၈ | -သွေးလွန်တုတ်ကွေးရောဂါဖြစ်ခြင်း။ | -ခြင်ကိုက်ခံရခြင်းနှင့် အပူအအေးမမျှခြင်း။ | -ကျန်းမာရေးဌာနရှိခြင်း။<br>-ကျန်းမာရေးမှူးရှိခြင်း။ | -ကျန်းမာရေးဗဟုသုတနည်းခြင်း | -ခြင်နည်းပါးနိုင်ရန် ရေအိုးရေခွက်များသန့်ရှင်းရမည်။<br>ခြင်ပေါက်ပွားနိုင်သောရေများရှင်းလင်းရန်။ | -ရေတွင်းရေကန်များအား သန့်ရှင်းအောင်ထား၍ ဆရာဝန်၏ ညွှန်ကြားချက်များအားလိုက်နာဆောင်ရွက်ရန်။ |

| စဉ် | လက်ရှိအခြေအနေ၊ အခက်အခဲနှင့် ပြဿနာ | အခက်အခဲပြဿနာများကို ဖြစ်စေသော အကြောင်းအရင်း | ဖွံ့ဖြိုးရေးအတွက် အထောက်အပံ့ဖြစ်မည့် အခြေအနေကောင်းများ | အတားအဆီး၊ အဟန့်အတားများနှင့် စိန်ခေါ်မှုများ | ဖြေရှင်းရန် နည်းလမ်းများ | အကောင်အထည်ဖော်ရန် စီမံချက်များနှင့် လုပ်ငန်းများ |
|---|---|---|---|---|---|---|
| | | | | | -ကလေးများအိပ် နေချိန်တွင် ခြင်ထောင် ထောင်ပေးရမည်။<br>-ကျန်းမာရေးဆေးခန်း သို့အမြန်ဆုံးသွား ရောက်ပြသရမည်။ | |
| ၉ | -ဆေးခန်းသုံးပစ္စည်းကိရိယာ များ လုံလောက်မှုမရှိခြင်း။ | -ကျန်းမာရေးကိစ္စများဖြစ်လျှင် အချိန်မှီ မကာကွယ်နိုင်ခြင်း။ | -ကျန်းမာရေးဌာနရှိခြင်း။ | -ငွေကြေးအခက်အခဲ ရှိခြင်း။ | -ရွာအကြီးအကဲများမှ ကျန်းမာရေး ဦးစီးဌာန သို့ တင်ပြတောင်းခံ ခြင်း။ | -ဆေးခန်းသုံးပစ္စည်း ကိရိယာများ လိုအပ်ခြင်း။ |
| | **ကျား/မရေးရာ** | | | | | |
| ၁၀ | -ရပ်ရွာအရေး ဆောင်ရွက်ရာ တွင် အမျိုးသမီးထု၏ ခေါင်း ဆောင်မှု အားနည်းခြင်း။ | -အိမ်မှုကိစ္စများ ဆောင်ရွက်နေ ရခြင်း။<br>-အမျိုးသမီးများအား အလေး ထား လေးစားမှုမရှိခြင်း။ | -ပူးပေါင်းပါဝင်လိုစိတ် ရှိ ခြင်း။ | -တန်းတူအခွင့်အရေး မရခြင်း။ | -အမျိုးသားအဖွဲ့များမှ အမျိုးသမီးများအား နေရာပေး၍ လက်တွဲ ခေါ်ယူခြင်း။<br>-အမျိုးသမီးများ ကိုယ်တိုင် ရပ်ရွာ အစည်းအဝေးပွဲများ တက်ရောက်ခြင်း။ | -အမျိုးသမီးများ၏ စိတ်ဓါတ် နှင့် စွမ်းဆောင်ရည်မြှင့်တင် ရေးသင်တန်း/ ဟောပြောပွဲ များ ပြုလုပ်ပေးခြင်း။ |
| | **လူငယ် ၊ ယဉ်ကျေးမှုနှင့် အားကစား** | | | | | |
| ၁၁ | -လူငယ်များ အသိပညာ ဗဟု သုတနည်းခြင်း | စာပေလေ့လာရန်၊ ဗဟုသုတ ရှာရန် အားနည်းခြင်း | -စိတ်အားထက်သန်မှု ရှိခြင်း<br>-စာပေလေ့လာရန် စာအုပ် များရှိခြင်း | -<br>အဆောက်အဦပိုင်ခံမှု မရှိခြင်း | -ရပ်မိရပ်ဖများမှ စာပေလေ့လာနိုင်ရန် စီစဉ်ပေးခြင်း | -ကျေးရွာတွင် လူငယ်များ ဗဟုသုတ၊ အသိပညာများ တိုးရန် စာကြည့်တိုက်တည် |

| စဉ် | လက်ရှိအခြေအနေ၊ အခက်အခဲနှင့် ပြဿနာ | အခက်အခဲပြဿနာများကို ဖြစ်စေသော အကြောင်းအရင်း | ဖွံ့ဖြိုးရေးအတွက် အထောက်အပံ့ဖြစ်မည့် အခြေအနေကောင်းများ | အတားအဆီး၊ အဟန့်အတားများနှင့် စိန်ခေါ်မှုများ | ဖြေရှင်းရန် နည်းလမ်းများ | အကောင်အထည်ဖော်ရန် စီမံချက်များနှင့် လုပ်ငန်းများ |
|---|---|---|---|---|---|---|
| | | | | -ပရိဘောဂပစ္စည်းများ မရှိခြင်း | -စာအုပ်စာပေ ဖတ်ခိုင်းခြင်း။ | ဆောက်ပေးခြင်း |
| ၁၂ | -အားလပ်ချိန်တွင် အကျိုးရှိစွာ အသုံးမချခြင်း။ | -အခြားအချိန်ဖြုန်းစရာများစွာရှိခြင်း။<br>-စာပေနှင့်ဗဟုသုတစာစောင်များ ဖတ်ရှုမှုမရှိခြင်း။ | -စာပေလေ့လာမည့်ကလေးသူငယ်များရှိခြင်း။ | -ဖုန်းနှင့်တီဗီများကို အလွန်အကျွံကြည့်ရှုခြင်း။<br>-အရက်သေစာများ လွယ်ကူစွာဝယ်ယူရရှိနေခြင်း။ | -ရာသီအလိုက် အားကစားပွဲများ ကျင်းပပေးခြင်း။ | -စာပေဟောပြောပွဲများပြုလုပ်ပေးခြင်း။ |
| | **စိုက်/မွေးမဟုတ်သော အခြားဝင်ငွေရလုပ်ငန်းများ** | | | | | |
| ၁၃ | -စီးပွားရေးအဆင်မပြေဖြစ်ရခြင်း။ | -အိမ်ဆိုင်နှင့်ဈေးဆိုင်ငယ်များတွင် ကုန်ပစ္စည်းများပြည့်စုံစွာ မရောင်းချနိုင်ခြင်း။ | -ကျေးရွာတွင် ကုန်စုံဆိုင်ငယ်များရှိခြင်း။ | -ငွေကြေးအရင်း အနှီးနည်းပါး ခြင်း။ | -ရပ်မိရပ်ဖများမှ သက်ဆိုင်ရာအဖွဲ့အစည်းများနှင့် ချိတ်ဆက် ဆောင်ရွက်သွားရန်။ | -ချေးငွေရရှိအောင် ဆောင်ရွက်သွားရန်။ |
| ၁၄ | -စားဝတ်နေရေး ကြပ်တည်းခြင်း။ | -ငွေအရင်းအနှီး မရှိခြင်း။<br>-အမြဲတမ်းလုပ်ကိုင်ရန် အလုပ်အကိုင်မရှိခြင်း။ | -ဈေးကွက်ဖြန့်ဖြူးရန် ကျယ်ပြန့်ခြင်း။<br>-လမ်းပန်းဆက်သွယ်ရေး အသင့်အတင့်ကောင်းမွန်ခြင်း။<br>-ပျင်းရိမှုမရှိဘဲ ဝင်ငွေရလုပ်ငန်းများ လုပ်ကိုင်လိုခြင်း။ | -နည်းပညာ ဗဟုသုတ နည်းပါးခြင်း။<br>-အလုပ်အကိုင်အခွင့်အလမ်းဆိုင်ရာ သင်တန်းများ ဖွင့်ပေးမှုမရှိခြင်း။ | -ဌာနဆိုင်ရာများသို့ အသက်မွေးဝမ်းကျောင်း သင်တန်းများ ဖွင့်လှစ်ပေးရန် တင်ပြခြင်း။<br>-ပုဂ္ဂလိက ရင်းနှီးမြုပ်နှံမှုများကို တိုးမြှင့်ပြီး အလုပ်အကိုင်အခွင့် အလမ်းများ ဖန်တီးပေးခြင်း။ | -အသက်မွေးဝမ်းကျောင်း နည်းပညာသင်တန်းများ ဖွင့်လှစ်ပေးခြင်း။ |

| စဉ် | လက်ရှိအခြေအနေ၊ အခက်အခဲနှင့် ပြဿနာ | အခက်အခဲပြဿနာများကို ဖြစ်စေသော အကြောင်းအရင်း | ဖွံ့ဖြိုးရေးအတွက် အထောက်အပံ့ဖြစ်မည့် အခြေအနေကောင်းများ | အတားအဆီး၊ အဟန့်အတားများနှင့် စိန်ခေါ်မှုများ | ဖြေရှင်းရန် နည်းလမ်းများ | အကောင်အထည်ဖော်ရန် စီမံချက်များနှင့် လုပ်ငန်းများ |
|---|---|---|---|---|---|---|
| ၁၅ | -အလုပ်အကိုင်များ ရှားပါးနေခြင်း။ | -ဝင်ငွေရရှိမှု နည်းပါးလာခြင်း။ | -အုပ်စုကျေးရွာဖြစ်သောကြောင့် အလုပ်လုပ်နိုင်သော လူဦးရေများခြင်း။<br>-လူငယ်များ လက်မှုပညာများအား စိတ်ဝင်စားခြင်း။ | -အသိပညာ၊ အတတ်ပညာ အားနည်းခြင်း။<br>- | -ရပ်မိရပ်ဖများမှ သက်ဆိုင်ရာအဖွဲ့အစည်းများ နှင့်ချိတ်ဆက်ဆောင်ရွက်ခြင်း။ | -အလုပ်ရုံငယ်များတည်ထောင်ပေးရန်(ဝါဖြင့် ပြုလုပ်သောလက်မှုလုပ်ငန်းများ) |
| | **မွေးမြူရေး** | | | | | |
| ၁၆ | -မွေးမြူရေးတွင် ရောဂါများဝင်ခြင်း။ | -စီးပွားရေးများ ပျက်စီးဆုံးရှုံးရခြင်း။ | -မွေးမြူရေးအား စိတ်ပါဝင်စားသော လူငယ်များရှိခြင်း။ | -နည်းပညာအားနည်းခြင်း။ | -မွေးမြူရေးနှင့်ကုသရေးဦးစီးဌာနနှင့်ချိတ်ဆက်ဆောင်ရွက်ရန်။ | -မွေးမြူရေးဆိုင်ရာ နည်းပညာ၊ ဆေးဝါးနှင့် မျိုးကောင်းမျိုးသန့်များရရှိအောင် ဆောင်ရွက်ခြင်း။ |

**မြို့သစ်မြို့နယ် ၊ လဲလူကျေးရွာအုပ်စု ၊ လဲလူကျေးရွာ၏ ဦးစားပေးစီမံချက်လုပ်ငန်းများ**
**စီမံချက်တစ်ခုချင်းစီအတွက် အရေးကြီးမှုအပေါ်မူတည်၍ အမှတ်ပေးဇယား( ၁မှတ် မှ ၁၀မှတ်ထိ )**

| စဉ် | စီမံချက်လုပ်ငန်း အမည် | ရပ်မိရပ်ဖအုပ်စု | | လယ်သမားအုပ်စု | | အမျိုးသမီးအုပ်စု | | လူငယ်အုပ်စု | | စိုက်/မွေး မဟုတ်သောအုပ်စု | | စုစုပေါင်း ရမှတ် | အဆင့် |
|---|---|---|---|---|---|---|---|---|---|---|---|---|---|
| | | အမှတ်ပေးသူ (၁) | အမှတ်ပေးသူ (၂) | အမှတ်ပေးသူ (၁) | အမှတ်ပေးသူ (၂) | အမှတ်ပေးသူ (၁) | အမှတ်ပေးသူ (၂) | အမှတ်ပေးသူ (၁) | အမှတ်ပေးသူ (၂) | အမှတ်ပေးသူ (၁) | အမှတ်ပေးသူ (၂) | | |
| ၁ | ဈေးငွေရရှိအောင်ဆောင်ရွက်ခြင်း | ၆ | ၅ | ၈ | ၇ | ၉ | ၈ | ၅ | ၉ | ၈ | ၇ | ၇၂ | ၆ |

| | | | | | | | | | | | |
|---|---|---|---|---|---|---|---|---|---|---|---|
| ၂ | မွေးမြူရေးအတွက်နည်းပညာ၊ ဆေးဝါးများနှင့် မျိုးကောင်းမျိုးသန့်များရရှိအောင်ဆောင်ရွက်ခြင်း။ | ၆ | ၅ | ၇ | ၆ | ၈ | ၇ | ၅ | ၉ | ၈ | ၇ | ၆၈ | ၈ |
| ၃ | အလုပ်ရုံငယ်များတည်ဆောက်ပေးခြင်း။ | ၅ | ၄ | ၇ | ၆ | ၈ | ၇ | ၅ | ၉ | ၈ | ၇ | ၆၆ | ၉ |
| ၄ | စိုက်ပျိုးရေးမျိုးကောင်းမျိုးသန့်များရရှိအောင်ဆောင်ရွက်ခြင်း။ | ၄ | ၃ | ၇ | ၆ | ၈ | ၇ | ၅ | ၉ | ၈ | ၇ | ၆၄ | ၁၀ |
| ၅ | စိုက်ပျိုးရေးနည်းပညာနှင့် ပညာပေးဟောပြောပွဲများဆောင်ရွက်ခြင်း။ | ၄ | ၃ | ၆ | ၅ | ၈ | ၇ | ၅ | ၉ | ၈ | ၇ | ၆၂ | ၁၁ |
| ၆ | အသက်မွေးဝမ်းကျောင်းနည်းပညာသင်တန်းများဖွင့်လှစ်ပေးခြင်း။ | ၆ | ၅ | ၇ | ၆ | ၉ | ၈ | ၅ | ၉ | ၈ | ၇ | ၇၀ | ၇ |
| ၇ | စာကြည့်တိုက်တည်ဆောက်ပေးခြင်း။ | ၈ | ၈ | ၉ | ၆ | ၉ | ၈ | ၅ | ၉ | ၈ | ၇ | ၇၇ | ၃ |
| ၈ | တိုက်နယ်ဆေးရုံတည်ဆောက်ပေးခြင်း။ | ၈ | ၇ | ၈ | ၇ | ၉ | ၈ | ၅ | ၉ | ၈ | ၇ | ၇၆ | ၄ |
| ၉ | စာသင်ကျောင်းဆောင်တည်ဆောက်ပေးခြင်း။ ဆရာ/ဆရာမလုံလောက်အောင်ဆောင်ရွက်ပေးခြင်း။ | ၁၀ | ၁၀ | ၁၀ | ၁၀ | ၁၀ | ၁၀ | ၁၀ | ၁၀ | ၁၀ | ၁၀ | ၁၀၀ | ၁ |
| ၁၀ | ရွာလယ်လမ်းကျောက်ချောခင်းခြင်း | ၇ | ၆ | ၈ | ၇ | ၉ | ၈ | ၅ | ၉ | ၈ | ၇ | ၇၄ | ၅ |
| ၁၁ | မိုးတွင်းကာလတွင်ရေနှစ်မြုပ်နေသောလမ်းအား ရေမြောင်းတူးဖော်ခြင်းနှင့်လမ်းအဆင့်မြှင့်တင်ခြင်း။ | ၉ | ၈ | ၉ | ၇ | ၉ | ၈ | ၇ | ၉ | ၈ | ၇ | ၈၁ | ၂ |

**မြို့သစ်မြို့နယ် ၊ လဲလူကျေးရွာအုပ်စု ၊ လဲလူကျေးရွာ၏ ဘဏ္ဍာနှစ်အလိုက်စီမံချက်လုပ်ငန်းများ**

| စဉ် | စီမံချက်လုပ်ငန်းအမည် | ဦးစားပေးအဆင့် | ၂၀၁၈-၂၀၁၉ | ၂၀၁၉-၂၀၂၀ | ၂၀၂၀-၂၀၂၁ | ၂၀၂၁-၂၀၂၂ | ၂၀၂၂-၂၀၂၃ |
|---|---|---|---|---|---|---|---|

| | | | | | | | |
|---|---|---|---|---|---|---|---|
| ၁ | စာသင်ကျောင်းဆောင်သစ်တည်ဆောက်ပေးခြင်းနှင့် ဆရာ/ဆရာမများ လုံလောက်စွာခန့်ထားပေးခြင်း | ၁ | ✓ | | | | |
| ၂ | မိုးတွင်းကာလတွင်အိမ်ခြေ(၁၀၀)ခန့်ရေနစ်မြုပ်နေ၍ ရေမြောင်းတူးခြင်းနှင့် တံတားတည်ဆောက်ပေးခြင်း | ၂ | | ✓ | | | |
| ၃ | စာကြည့်တိုက်တည်ဆောက်ခြင်း | ၃ | | | ✓ | | |
| ၄ | တိုက်နယ်ဆေးရုံတည်ဆောက်ပေးခြင်း | ၄ | | | | ✓ | |
| ၅ | ရွာလယ်လမ်းအားကျောက်ချောလမ်းခင်းခြင်း | ၅ | | | | | ✓ |
| ၆ | ချေးငွေရရှိအောင်ဆောင်ရွက်ခြင်း | ၆ | | ✓ | | | |
| ၇ | အသက်မွေးဝမ်းကြောင်းနည်းပညာသင်တန်းများဖွင့်လှစ်ပေးခြင်း | ၇ | | | ✓ | | |
| ၈ | မွေးမြူရေးနည်းပညာ၊ဆေးဝါးများနှင့်မျိုးကောင်းမျိုးသန့်များ ဆောင်ရွက်ခြင်း | ၈ | | ✓ | | | |
| ၉ | အလုပ်ရုံငယ်များဆောင်ရွက်ပေးခြင်း | ၉ | | | ✓ | | |
| ၁၀ | စိုက်ပျိုးရေး မျိုးကောင်းမျိုးသန့်များဆောင်ရွက်ခြင်း | ၁၀ | | | | ✓ | |
| ၁၁ | စိုက်ပျိုးရေးနည်းပညာနှင့်ပညာပေးဟောပြောပွဲများဆောင်ရွက်ခြင်း | ၁၁ | | ✓ | | | |

ရာသီစဉ်ပြပြက္ခဒိန်

လဲလှကျေးရွာ

ရက်စွဲ

၈.၆.၂၀၁၈



**ကျေးရွာဖွံ့ဖြိုးရေးလက်ရှိအခြေအနေအား သုံးသပ်ရန် အထောက်အကူပြု ဇယားများ**

**(၁) လူဦးရေနှင့် လူဦးရေဆိုင်ရာ အချက်အလက်များ**

**ဇယား ( ၁) လူဦးရေနှင့် လူဦးရေဆိုင်ရာ အချက်အလက်များ**

| အသက်အုပ်စု | | ကျား | မ | စုစုပေါင်း |
|---|---|---|---|---|
| ၁ နှစ် အောက် | နို့စို့အရွယ် | ၄၇ | ၅၈ | ၁၀၅ |
| ၁ နှစ်မှ ၄ နှစ် အထိ | ၅ နှစ်အောက်ကလေးငယ် | ၅၇ | ၇၅ | ၁၃၂ |
| ၅ နှစ်မှ ၉ နှစ် အထိ | မူလတန်းကျောင်းသားအရွယ် | ၉၀ | ၅၀ | ၁၄၀ |
| ၁၀ နှစ်မှ ၁၄ နှစ် အထိ | အလယ်တန်းကျောင်းသားအရွယ် | ၇၅ | ၈၀ | ၁၅၅ |
| ၁၅ နှစ်မှ ၆၄ နှစ် အထိ | အလုပ်လုပ်နိုင်သည့်အရွယ် | ၄၄၃ | ၅၆၀ | ၁၀၀၃ |
| ၆၅ နှစ် အထက် | သက်ကြီးရွယ်ကြီး | ၉၅ | ၁၂၀ | ၂၁၅ |
| **စုစုပေါင်း** | | **၈၀၇** | **၉၄၃** | **၁၇၅၀** |
| **စုစုပေါင်း အိမ်ထောင်စု** | | **၅၀၁** | | |

**ရင်းမြစ် ... (၁) အိမ်ထောင်စုစာရင်း ကောက်ယူမှု၊ (၂) ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးရုံး။**

**လေ့လာတွေ့ရှိချက်။** ။ လဲလူကျေးရွာတွင် အိမ်ထောင်စု(၅၀၁)စုနှင့်ကျား(၈၀၇)ဦး၊ မ (၉၄၃)ဦး ရှိပြီး လူဦးရေစုစုပေါင်းမှာ(၁၇၅၀)ရှိပါသည်။လဲလူကျေးရွာသည် အများအားဖြင့် ဗုဒ္ဓဘာသာ ၊ မြန်မာလူမျိုးများသာဖြစ်ပါသည်။ လဲလူကျေးရွာတွင် ကျောင်းနေအရွယ်ကလေးနှင့် သက်ကြီးရွယ်အိုမှီခိုသူမှာ (၄၂%)ခန့်ရှိပြီး (၅၈%) ခန့်ရှိကြောင်းတွေ့ရှိရပါသည်။

**(၂) သဘာဝအရင်းအမြစ်နှင့် ရာသီဥတုအခြေအနေ**

**(၂.၁) ကျေးရွာ၏မြေပိုင်ဆိုင်မှု နှင့် ရေအရင်းအမြစ်များ**

**ဇယား (၂) ကျေးရွာ၏စိုက်ပျိုးမြေပိုင်ဆိုင်မှုနှင့် ရေအရင်းအမြစ်အခြေအနေ**

| မြေအမျိုးအစား | ဧရိယာ (ဧက) | မြေဆီလွှာ အရည်အသွေးကောင်း/သင့်/ညံ့ | ရေရရှိမှု (ရ/မရ/အနည်းအကျဉ်း) | ရရှိနိုင်သော ရေအရင်းအမြစ် (မြေအောက်ရေ၊ချောင်း၊မြစ်၊စိမ့်စမ်း စသည်) |
|---|---|---|---|---|
| **လယ်မြေ** | ၁၁၉၅ | **သင့်** | **နည်း** | **မိုးရေ၊ ဆည်ရေသောက်** |
| **ယာမြေ** | ၆၉၁ | **သင့်** | **နည်း** | **မိုးရေ** |
| **ဥယျာဉ်ခြံမြေ** | | | | |
| **အိမ်ခြံဝင်းစိုက်ခင်း** | | | | |
| **ကိုင်း/ကျွန်းမြေ** | | | | |
| **စားကျက်မြေ** | | | | |
| **ပလပ်မြေ** | | | | |
| **သစ်တောမြေ** | | | | |
| **စုစုပေါင်း** | **၁၈၈၆** | | | |

**ရင်းမြစ် … ဦးတည်အုပ်စု ဆွေးနွေးခြင်း – ရပ်မိရပ်ဖ အုပ်စု၊**

**မှတ်ချက်။ ။ရေရှိသည့်အရင်းအမြစ်အမျိုးအစား–ဆည်၊မြစ်ရေတင်၊စိမ့်စမ်းရေသွယ်၊မြေအောက်ရေ လေ့လာတွေ့ရှိချက်(အခက်အခဲ၊စိန်ခေါ်မှုနှင့် အခြား)။ ။ လဲလူကျေးရွာတွင် လယ်မြေ (၁၁၉၅) ဧကနှင့် ယာမြေ (၆၉၁) ဧက စိုက်ပျိုးထားရှိပြီး မိုးရေ၊ ဆည်ရေတို့ဖြင့် စိုက်ပျိုးပါသည်။ ဆည်ရေမှာလုံလောက်စွာမရရှိပါသဖြင့် သီးနှံအထွက်နှုန်းမှာနည်းပါးပါသည်။**

**(၂.၂) ဓါတ်သတ္တုနှင့်အခြားသဘာဝအရင်းအမြစ်များ**

**ဇယား (၃) ဓါတ်သတ္တုနှင့် အခြားသဘာဝအရင်းအမြစ်များ**

| အမျိုးအစား | ရရှိနိုင်မှု<br>(များ/သင့်/နည်း/မရှိ) | အသုံးပြုနိုင်မှု<br>(လွယ်/ခက်/ လက်လှမ်းမမှီ) |
|---|---|---|
| ကာဗွန် (ဓါတ်ငွေ့/ရေနံ) | – | – |
| ဓါတ်သတ္တု(ကျောက်မျက်၊သတ္တု၊ကျောက်၊ ကျောက်မီးသွေး၊ သဲ) စသည့် | သင့် | လွယ် |
| အခြားသဘာဝအရင်းအမြစ် | | |
| တိရစ္ဆာန်မျိုးစိတ်များ | – | – |
| အပင်မျိုးစိတ်များ (လူ၊တိရစ္ဆာန်တို့အတွက် အသုံးဝင်သော) | – | – |
| ပျှမ်းမျှအပူချိန် – | ပျှမ်းမျှ မိုးရေချိန် – | |

**ရင်းမြစ် … ဦးတည်အုပ်စု ဆွေးနွေးခြင်း – ရပ်မိရပ်ဖ အုပ်စု၊**

**လေ့လာတွေ့ရှိချက်(အခက်အခဲ၊စိန်ခေါ်မှုနှင့်အခြား)။ ။လဲလူကျေးရွာတွင်ဓါတ်သတ္တုနှင့် အခြားသဘာဝအရင်းအမြစ်များအနေဖြင့် လမ်းခင်းကျောက်၊ သဲနှင့် ကျောက်စရစ်များထွက်ရှိပါသည်။ ကုန်ပစ္စည်းထုတ်လုပ်နိုင်မှုမှာ နည်းပညာနှင့် အတတ်ပညာ များအားနည်းသောကြောင့် အမြတ်အစွန်းရရှိမှုအားနည်းပါသည်။**

**(၃) ဖွံ့ဖြိုးရေးဆိုင်ရာ စီမံခန့်ခွဲမှု အခြေအနေ**

**ဇယား (၄) ကျေးရွာတွင်းရှိ လူထုအခြေပြု အဖွဲ့အစည်းများ**

| စဉ် | အဖွဲ့အစည်း အမည် | အမျိုးအစား (မှန်ရာ<u>တစ်ခုကိုသာ</u> ရွေးရန်) | လုပ်ငန်းတာဝန် (<u>အနည်းဆုံးတစ်ခုနှင့် အထက်</u> ရွေးနိုင်သည်။) | အဖွဲ့အစည်း၏စွမ်းဆောင်ရည်အခြေအနေ (သို့) ခိုင်မာတောင့်တင်းမှုဆိုင်ရာရှင်းလင်းဖော်ပြချက် |
|---|---|---|---|---|
| ၁ | ကျန်းမာရေးအထောက်အကူပြုဖော်မတီ | ၁☐ ၂√ ၃☐ | ပညာရေး ☐ ငွေကြေး☐<br>ကျန်းမာရေး √ဘာသာရေး☐<br>စိုက်ပျိုးမွေးမြူရေး☐<br>သာရေး/နာရေး၊လူမှုဖွံ့ဖြိုးရေး☐ | ကျန်းမာရေးနှင့်ပတ်သတ်သာကိစ္စများ ဆောင်ရွက်ပါသည်။ |

